# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး
# (၂၃) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ကဆုန်လဆန်း ၁၂ ရက်
## (၂၀၁၂ ခုနှစ်၊ မေလ ၂ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ကို နံနက် ၁၀း၀၀ နာရီအချိန်၌ စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးခင်မောင်ဦး၊ ညွှန်ကြားရေးမှူး၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။]

**အချိန်** ၊ ၁၀း၀၀။

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသော ဧည့်သည်တော်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၂၃) ရက်မြောက်နေ့ အစီအစဉ် စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့် စင်မြင့်ပေါ်သို့ ကြွရောက် နေရာယူပါသည်။]

**ဥက္ကဋ္ဌ။** ။ အားလုံး မင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၄ ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၂ ရက် ရက်စွဲပါ ကြေညာချက်အမှတ် ၁၇/၂၀၁၂ ဖြင့် ၂၀၁၂ ခုနှစ်၊ ဧပြီလ ၁ ရက်နေ့တွင်ကျင်းပခဲ့သည့် ပထမအကြိမ် ပြည်သူ့လွှတ်တော်ကြားဖြတ်ရွေးကောက်ပွဲ၌ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ၃၅ ဦး၊ ၂၀၁၂ ခုနှစ်၊ ဧပြီလ ၃ ရက် ရက်စွဲပါကြေညာချက်အမှတ် ၂၀/၂၀၁၂ ဖြင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအဖြစ် ရွေးကောက်တင်မြှောက်ခံရသူ ၂ ဦး၊ စုစုပေါင်း ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၇ ဦး တို့ရဲ့ အမည်စာရင်းကို ထုတ်ပြန်ခဲ့ပြီးဖြစ်ပါတယ်။ ယင်းကိုယ်စားလှယ်များအနက် ဒီကနေ့ လွှတ်တော်အစည်းအဝေးကို ကိုယ်စားလှယ် ၃၄ ဦးတက်ရောက်ပါတယ်။ ယနေ့အစည်းအဝေး တက်ရောက်လာတဲ့ လွှတ်တော်ကိုယ်စားလှယ် ၃၄ ဦးအနေနဲ့ လွှတ်တော်ကိုယ်စားလှယ်အဖြစ် ကတိသစ္စာမပြုရသေးတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ ဥပဒေပုဒ်မ ၈ ပုဒ်မခွဲ (ခ)နဲ့ နည်းဥပဒေ ၅ နည်းဥပဒေခွဲ (ဂ) တို့အရ ဥက္ကဋ္ဌရှေ့မှောက်မှာ ကတိသစ္စာပြုပြီး လက်မှတ်ရေးထိုးရမှာဖြစ်ပါတယ်။ ယခုကတိသစ္စာပြုရမည့် ကိုယ်စားလှယ်များ မိမိစားပွဲပေါ်ရှိ ကတိသစ္စာပြုလွှာများကိုယူဆောင်ပြီး စင်မြင့်ရှေ့သတ်မှတ်ထားတဲ့နေရာမှာ နေရာယူပေးရန်ဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကျွန်တော်က ကတိသစ္စာကိုတိုင်ပေးတဲ့အခါ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၄ ဦးက လိုက်ဆိုဖို့ဖြစ်ပါတယ်။ လိုက်ဆိုတဲ့အခါမှာ ကျွန်တော့်ဘက်က ကျွန်ုပ်လို့ ပြောလိုက်လို့ရှိရင် မိမိတို့ရဲ့နာမည်များကို ဖော်ပြဖို့ဖြစ်ပါတယ်။ ယခု ကတိသစ္စာပြုပါမယ်။ အစည်းအဝေးခန်းမအတွင်းရှိ ပုဂ္ဂိုလ်အားလုံး မတ်တတ်ရပ်ပေးကြဖို့ဖြစ်ပါတယ်။ စတင်ပါမယ်။

[ဥက္ကဋ္ဌက အောက်ပါအတိုင်း ကတိသစ္စာကိုတိုင်ပေး၍ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၄ ဦး က ကတိသစ္စာပြုပါသည်။]

“ကျွန်ုပ် ---------- သည် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်အဖြစ် ရွေးချယ်ခံရပြီးဖြစ်သဖြင့် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေကို ထိန်းသိမ်းကာကွယ်စောင့်ရှောက်ပြီး နိုင်ငံတော်၏ ဥပဒေများကိုလည်း လိုက်နာပါမည်။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်နှင့် နိုင်ငံသားများအပေါ် သစ္စာစောင့်သိရိုသေပါမည်။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေးတို့ကို ထာဝစဉ်ဦးထိပ်ပန်ဆင်ဆောင်ရွက်ပါမည်။ ထို့ပြင် ယခု ကျွန်ုပ်

ထမ်းဆောင်မည်ဖြစ်သော တာဝန်ဝတ္တရားများကို ဖြောင့်မတ်မှန်ကန်စွာ ဆောင်ရွက်မည်ဟု လေးနက်တည်ကြည်စွာ ကတိသစ္စာပြုပါသည်။”

ဥက္ကဋ္ဌ။ ။ အားလုံးထိုင်နိုင်ပါပြီ။

ဥက္ကဋ္ဌ။ ။ ယခု ကတိသစ္စာပြုပြီးတဲ့ ကိုယ်စားလှယ် ၃၄ ဦးဟာ မိမိအတွက် သတ်မှတ်ထားတဲ့ နေရာသို့ပြန်လည်နေရာယူကြရန်နှင့် ဥက္ကဋ္ဌရဲ့ရှေ့မှောက်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များက ကတိသစ္စာပြုလွှာပေါ်တွင် မိမိတို့ရဲ့အမည်၊ ရာထူးကိုရေးသားပြီး လက်မှတ်ရေးထိုးရန်နှင့် အစည်းအဝေးအပြီးမှာ လွှတ်တော်ရုံးသို့ ကတိသစ္စာပြုလွှာကိုအပ်နှံရန်ဖြစ်ပါတယ်။ မိမိနေရာ မိမိပြန်နိုင်ပါပြီ။

## ပြည်သူ့လွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း

ဥက္ကဋ္ဌ။ ။ အစီအစဉ် ၃ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၈ ဦးရှိတဲ့အနက် ၃၄၃ ဦး တက်ရောက်ပါတယ်။ အစည်းအဝေးသို့ တက်ရောက်ခွင့်ရှိသူ ဦးရေစုစုပေါင်းရဲ့ ၈၀.၁၄ ရာခိုင်နှုန်းရှိပြီး ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၂၀ နည်းဥပဒေခွဲ(ခ) အရ လွှတ်တော်သို့ အစည်းအဝေးတက်ရောက်ခွင့်ရှိသည့် လွှတ်တော်ကိုယ်စားလှယ် စုစုပေါင်းဦးရေရဲ့ သုံးပုံတစ်ပုံတက်ရောက်တဲ့အတွက် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

ဥက္ကဋ္ဌ။ ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၄ နည်းဥပဒေခွဲ(ခ) အရ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့အစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက်ဆောင်ရွက်သွားပါမယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ ခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ။** ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန် ဖြစ်ပါတယ်။

**ဦးအေးမြင့်(အတွင်းရေးမှူး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)** ။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ၂-၅-၂၀၁၂ ရက်နေ့တွင် အစည်းအဝေး မတက်ရောက်နိုင်သဖြင့် ခွင့်တိုင်ကြားသူ လွှတ်တော်ကိုယ်စားလှယ်များစာရင်းကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များစိစစ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ကျွန်တော် ဦးအေးမြင့်က စုစည်းတင်ပြသွားမှာ ဖြစ်ပါတယ်။ ယနေ့ခွင့်တိုင်ကြားသူ ၈၅ ဦးရှိပြီး အောက်ပါအတိုင်းဖြစ်ပါတယ်-

(၁) မိုင်းခတ်မဲဆန္ဒနယ်မှ ဦးစဲကီကော်

(၂) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့်

(၃) လင်းခေးမဲဆန္ဒနယ်မှ ဦးစိုင်းလှကျော်

(၄) ကန့်ဘလူမဲဆန္ဒနယ်မှ ဒေါက်တာချမ်းငြိမ်း

(၅) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇောင်းခေါင်

(၆) လဲချားမဲဆန္ဒနယ်မှ ဦးစိုင်းမောင်တင်

(၇) ဆီဆိုင်မဲဆန္ဒနယ်မှ ဦးဝင်းကို

(၈) ကွမ်းလုံမဲဆန္ဒနယ်မှ ဦးဟော်ရှောက်ချမ်း

(၉) ကျိုင်းတုံမဲဆန္ဒနယ်မှ ဦးစတီဖန်

(၁၀) မိုင်းယန်းမဲဆန္ဒနယ်မှ ဦးတင်ဝင်း

(၁၁) မိုင်းဖြတ်မဲဆန္ဒနယ်မှ ဦးစိုင်းကျောက်

(၁၂) သံဖြူဇရပ်မဲဆန္ဒနယ်မှ ဦးသိန်းအောင်

(၁၃) တန့်ဆည်မဲဆန္ဒနယ်မှ ဦးတင်မြင့်

(၁၄) ဗဟန်းမဲဆန္ဒနယ်မှ ဒေါက်တာမောင်မောင်ဝင့်

(၁၅) ထားဝယ်မဲဆန္ဒနယ်မှ ဦးကြည်မြင့်

(၁၆) မြိတ်မဲဆန္ဒနယ်မှ ဦးဌေးမြင့်

(၁၇) အောင်မြေသာစံမဲဆန္ဒနယ်မှ ဦးကိုကြီး

(၁၈) ပြည်ကြီးတံခွန်မဲဆန္ဒနယ်မှ ဦးမောင်ကို

(၁၉) ချမ်းမြသာစည်မဲဆန္ဒနယ်မှ ဦးတင်မောင်

(၂၀) သာစည်မဲဆန္ဒနယ်မှ ဦးသန်းစိုး

(၂၁) တာမွေမဲဆန္ဒနယ်မှ ဒေါ်လဲ့လဲ့ဝင်းဆွေ

(၂၂) နောင်မွန်းမဲဆန္ဒနယ်မှ ဦးဂျီဖုန်ဆားရ်

(၂၃) လသာမဲဆန္ဒနယ်မှ ဦးကြည်မြင့်

(၂၄) ဒဂုံမြို့သစ်မြောက်ပိုင်းမဲဆန္ဒနယ်မှ ဒေါ်တင်နွယ်ဦး

(၂၅) ချောင်းဆုံမဲဆန္ဒနယ်မှ ဦးလှမောင်

(၂၆) ဝိုင်းမော်မဲဆန္ဒနယ်မှ ဦးယိန်းဘောမ်

(၂၇) မချမ်းဘောမဲဆန္ဒနယ်မှ ဦးအင်ဖုန်ဆန်း

(၂၈) မုံရွာမဲဆန္ဒနယ်မှ ဦးခင်မောင်ဦး

(၂၉) ခင်ဦးမဲဆန္ဒနယ် ဦးခင်မောင်ရွှေ

(၃၀) ရေဦးမဲဆန္ဒနယ်မှ ဦးအောင်ကျော်ဦး

(၃၁) ရွှေဘိုမဲဆန္ဒနယ်မှ ဒေါက်တာအောင်သန်း

(၃၂) လေရှီးမဲဆန္ဒနယ်မှ ဦးရှိသီး

(၃၃) မြို့သစ်မဲဆန္ဒနယ်မှ ဦးမြင့်သူ

(၃၄) မင်းတုန်းမဲဆန္ဒနယ်မှ ဦးစိုးနိုင်

(၃၅) တောင်တွင်းကြီးမဲဆန္ဒနယ်မှ ဦးသန်းဝင်း

(၃၆) ကြာအင်းဆိပ်ကြီးမဲဆန္ဒနယ်မှ ဦးစောထွဋ်ခေါင်လွင်

(၃၇) ခေါင်လန်ဖူးမဲဆန္ဒနယ်မှ ဦးစီခန်ရမ်

(၃၈) ညောင်ရွှေမဲဆန္ဒနယ်မှ ဦးဝင်းဆွေ

(၃၉) ပူတာအိုမဲဆန္ဒနယ်မှ ဦးယော်ဒီဒွေ

(၄၀) ချီဖွေမဲဆန္ဒနယ်မှ ဦးဇုံတိန့်

(၄၁) တနိုင်းမဲဆန္ဒနယ်မှ ဦးမျိုးဆွေ

(၄၂) တီးတိန့်မဲဆန္ဒနယ်မှ ဦးပုမ်ခန့်အင်

(၄၃) ကုန်းကြမ်းမဲဆန္ဒနယ်မှ ဦးကျန်တဲဝမ်

(၄၄) လွိုင်လင်မဲဆန္ဒနယ်မှ ဦးခင်မောင်သီ

(၄၅) မဘိမ်းမဲဆန္ဒနယ်မှ ဦးမြင့်လှိုင်

(၄၆) ဖယ်ခုံမဲဆန္ဒနယ်မှ ဦးဖရန်စစ္စကို

(၄၇) မိုင်းဆတ်မဲဆန္ဒနယ်မှ ဦးစိုင်းခတ္တိယ

(၄၈) နမ့်စန်မဲဆန္ဒနယ်မှ ဦးဌေးလွင်

(၄၉) ရပ်စောက်မဲဆန္ဒနယ်မှ ဦးခင်မောင်မြင့်

(၅၀) မိုင်းတုံမဲဆန္ဒနယ်မှ ဦးစိုင်းအောင်ကြည်

(၅၁) ပင်းတယမဲဆန္ဒနယ်မှ ဦးဝင်းကြည်

(၅၂) မင်းဘူးမဲဆန္ဒနယ်မှ ဦးအေးသူ

(၅၃) စလင်းမဲဆန္ဒနယ်မှ ဦးခင်မောင်လွင်

(၅၄) ငဖဲမဲဆန္ဒနယ်မှ ဦးမြင့်ဌေး

(၅၅) မိုင်းပြင်းမဲဆန္ဒနယ်မှ ဦးစိုင်းထွန်းစိန်

(၅၆) ဘောလခဲမဲဆန္ဒနယ်မှ ဦးအေးမောင်

(၅၇) ဟုမ္မလင်းမဲဆန္ဒနယ်မှ ဦးအေး

(၅၈) ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ်

(၅၉) ကျောက်ကြီးမဲဆန္ဒနယ်မှ ဦးဉာဏ်ဆွေဝင်း

(၆၀) ကျောက်တံခါးမဲဆန္ဒနယ်မှ ဒေါက်တာ ခင်မောင်ဆွေ

(၆၁) ဒိုက်ဦးမဲဆန္ဒနယ်မှ ဦးမင်းဆွေ

(၆၂) နတ်တလင်းမဲဆန္ဒနယ်မှ ဦးရဲထွဋ်ဦး

(၆၃) ပေါက်ခေါင်းမဲဆန္ဒနယ်မှ ဦးအေးဟန်

(၆၄) ပန်းတောင်းမဲဆန္ဒနယ်မှ ဦးခင်ဝင်း

(၆၅) မိုးညိုမဲဆန္ဒနယ်မှ ဦးနန်းဦး

(၆၆) ရွှေကျင်မဲဆန္ဒနယ်မှ ဦးတင်ထွန်း

(၆၇) ရွှေတောင်မဲဆန္ဒနယ်မှ ဒေါက်တာဒေါ်အေးမြင့်

(၆၈) ဝေါမဲဆန္ဒနယ်မှ ဦးမြင့်ဆွေ

(၆၉) သဲကုန်းမဲဆန္ဒနယ်မှ ဦးစိုးအောင်

(၇၀) ကျောက်မဲ မဲဆန္ဒနယ်မှ ဦးနယ်လ်ဆင်(ခ)ဦးဆောင်ဆီ

(၇၁) ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဦးသန်းစိန်

(၇၂) ဒေါပုံမဲဆန္ဒနယ်မှ ဦးလှမြင့်

(၇၃) မှော်ဘီမဲဆန္ဒနယ်မှ ဦးကြည်မြင့်

(၇၄) တိုက်ကြီးမဲဆန္ဒနယ်မှ ဦးဟန်စိန်

(၇၅) သံတောင်မဲဆန္ဒနယ်မှ ဦးစောနေကော်ကြီး

(၇၆) ရွှေတောမဲဆန္ဒနယ်မှ ဒေါ်နန်းနွဲ့

(၇၇) စေတုတ္တရာမဲဆန္ဒနယ်မှ ဦးသန်းထွန်း

(၇၈) မင်းလှမဲဆန္ဒနယ်မှ ဦးဝင်းတင်

(၇၉) သရက်မဲဆန္ဒနယ်မှ ဦးဝင်းကျော်

(၈၀) နတ်မောက်မဲဆန္ဒနယ်မှ ဦးအောင်ကျော်စိုး

(၈၁) ရေကြည်မဲဆန္ဒနယ်မှ ဦးမောင်မောင်တင်

(၈၂) ပန်းတနော်မဲဆန္ဒနယ်မှ ဦးမန်းမောင်မောင်ဉာဏ်တို့သည် ယနေ့ကျင်းပပြုလုပ်တဲ့ ပြည်သူ့လွှတ်တော်အစည်းအဝေးကို ခွင့် ၁ ရက်အဖြစ် သတ်မှတ်ပေးပါရန် အသီးသီးတင်ပြလာပါတယ်။

အထက်ပါကိုယ်စားလှယ်များရဲ့ ခွင့်တင်ပြချက်များကို ခွင့်အဖြစ် သတ်မှတ်ပေးပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ။** ။ ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ။** ။လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၈ ဦး၊ ယခင်က ခွင့်ပန်ကြား၍ ခွင့်ပြုထားသူ ၃ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၈၂ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၈၅ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ပျက်ကွက်သူမရှိပါ။ ယခုလွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို လွှတ်တော်ရဲ့ အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေတင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

[ သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။]

ဥက္ကဋ္ဌ။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အမျိုးသားလွှတ်တော်မှ ပြင်ဆင်ချက်ဖြင့်ပြန်လည်ပေးပို့သော နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို အတည်ပြုရန် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

ဥက္ကဋ္ဌ။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပြည်သူ့လွှတ်တော်မှာ စတင်ဆွေးနွေးပြီး ၂၁-၂-၂၀၁၂ ရက်နေ့က အတည်ပြုခဲ့တဲ့ နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်းကို အမျိုးသားလွှတ်တော်သို့ ၂၄-၂-၂၀၁၂ ရက်နေ့တွင်ပေးပို့ခဲ့ပါတယ်။ ဒီဥပဒေကြမ်းကို ၂၅-၄-၂၀၁၂ ရက်နေ့မှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်များဖြင့် ပြန်လည်ပေးပို့လာတဲ့အတွက် ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၆၂ နည်းဥပဒေခွဲ (က) အရ ပြင်ဆင်ချက်မိတ္တူများကို ကိုယ်စားလှယ်များထံ ၂၇-၄-၂၀၁၂ ရက်နေ့တွင်ဖြန့်ဝေခဲ့ပါတယ်။ အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များနှင့်စပ်လျဉ်းပြီး ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ သတ်မှတ်ထားတဲ့ ၂၈-၄-၂၀၁၂ ရက်နေ့ ၁၃း၀၀ နာရီထိ ပြင်ဆင်ချက်များကိုဆွေးနွေးရန် အဆိုတင်သွင်းလိုကြောင်း အကြောင်းကြားစာပေးပို့ခြင်းမရှိတဲ့ အတွက် အမျိုးသားလွှတ်တော်ရဲ့ပြင်ဆင်ချက်များကို ယခုလွှတ်တော်သို့တင်ပြပြီး အဆုံးအဖြတ် ရယူမှာဖြစ်ပါတယ်။ အဆိုမှာ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံခြားသုံးငွေဆိုင်ရာဥပဒေကြမ်းနှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များအတိုင်း အတည်ပြုရန်ဖြစ်ပါတယ်။ ဒီအဆိုကို လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

ဥက္ကဋ္ဌ။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်က သဘောမတူသူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော နိုင်ငံခြားသုံးငွေဆိုင်ရာ ဥပဒေကြမ်းနှင့်စပ်လျဉ်းသည့် အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များသည် ဤဥပဒေကြမ်း၏ အစိတ်အပိုင်းဖြစ်ကြောင်းနှင့် ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၆၃ နှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၂၃) ရက်မြောက်နေ့နဲ့ နောက်ဆုံးနေ့ ကျင်းပတဲ့ရက် ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှ ယနေ့ မေလ ၂ ရက်ထိ ၃ လကျော်ကာလအတွင်း ကျင်းပခဲ့တာ ဖြစ်ပါတယ်။ အစည်းအဝေး ပထမနေ့က တင်ပြထားတဲ့အတိုင်း ယခုကျင်းပပြုလုပ်ခဲ့တဲ့ တတိယပုံမှန်အစည်းအဝေးဟာ နိုင်ငံတော်ရဲ့ အမျိုးသားစီမံကိန်းနဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်မှာ တင်သွင်းဆွေးနွေးအတည်ပြုနိုင်ဖို့ အဓိကရည်ရွယ်ချက်ထား ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ရနိုင်သမျှအချိန်တွေမှာ ပြည်သူ့လွှတ်တော်အစည်းအဝေးများ ကျင်းပခဲ့တဲ့အတွက် စတင်ကျင်းပတဲ့ ရက်မှ ယနေ့အထိ အစည်းအဝေး ၂၃ ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ ကျင်းပခဲ့တဲ့ လွှတ်တော် အစည်းအဝေး များအတွင်း ဆောင်ရွက်နိုင်မှုများကတော့ မေးခွန်းပေါင်း ၅၁၆ ခု၊ အဆိုပေါင်း ၂၅ ခု တင်သွင်း ဆောင်ရွက်နိုင်ပါတယ်။ မေးခွန်း၊ အဆို ဆောင်ရွက်ပြီးစီးမှု အသေးစိတ်အနေနဲ့ မေးခွန်းပိုင်းမှာ စိစစ်ခွင့်ပြုတဲ့မေးခွန်း ၅၁၆ ခုရှိပြီး ကြယ်ပွင့်ပြမေးခွန်း နှုတ်ဖြင့်ဖြေတာ ၁၂၆ ခု၊ ကြယ်ပွင့်ပြမေးခွန်း စာဖြင့်ဖြေကြားဆောင်ရွက်တာ ၁၂၉ ခု၊ ကြယ်ပွင့်မပြမေးခွန်း စာဖြင့်ဖြေကြား ဆောင်ရွက်တာ ၂၅၃ ခု၊ ရုပ်သိမ်းမေးခွန်း ၈ ခုဖြစ်ပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီး တင်သွင်းအဆိုပေါင်း ၂၅ ခုရှိပြီး အတည်ပြုအဆို ၁၆ ခု၊ မှတ်တမ်းတင်အဆို ၆ ခု၊ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့အဆို ၁ ခုနှင့် ရုပ်သိမ်းအဆို ၂ ခု ဖြစ်ပါတယ်။ ဥပဒေကြမ်းများ ဆွေးနွေးဆောင်ရွက်မှုနှင့်ပတ်သက်လို့ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များအဖြစ်ပါဝင်ကြတဲ့ ဥပဒေကြမ်း ၇ ခုကို ဥပဒေအဖြစ်အတည်ပြုပြီးနောက် သတင်းထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်သို့ စတင်တင်သွင်းတဲ့ ဥပဒေကြမ်း ၁၆ ခုအနက် ဥပဒေအဖြစ် ထုတ်ပြန်ပြီး ၃ ခု၊ ထုတ်ပြန်ရန်ကျန် ၁ ခု၊ ဆောင်ရွက်ဆဲ ၅ ခု၊ ရုပ်သိမ်း ၂ ခု၊ မှတ်တမ်းတင် ၁ ခုနဲ့ ဆောင်ရွက်ရန်ကျန် ၄ ခု ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်း တဲ့ ဥပဒေကြမ်း ၅ ခုအနက် မိမိတို့လွှတ်တော်က ပါဝင်ဆွေးနွေးဆောင်ရွက်ပြီး ဥပဒေအဖြစ် ထုတ်ပြန် ပြီး ၁ ခု၊ ထုတ်ပြန်ရန်ကျန် ၁ ခု၊ ဆောင်ရွက်ဆဲ ၃ ခု ဖြစ်ပါတယ်။ ဒါကြောင့် စာရင်းချုပ်မယ်ဆိုရင် ထုတ်ပြန်ပြီး ၇ ခု၊ ထုတ်ပြန်ပြီး ၇ ခုဆိုသည်မှာ ဥပဒေအဖြစ် ပြဋ္ဌာန်းပြီးကို ဆိုလိုပါတယ်။ ထုတ်ပြန်ရန် ကျန် ၂ ခု၊ ဆောင်ရွက်ဆဲ ၈ ခု၊ ရုပ်သိမ်း ၂ ခု၊ မှတ်တမ်းတင် ၁ ခုနဲ့ ဆောင်ရွက်ရန်ကျန် ၄ ခု

ဖြစ်ပါတယ်။ ဆောင်ရွက်ဆဲ ၈ ခုနဲ့ ဆောင်ရွက်ရန်ကျန် ၄ ခုကို လာမည့်စတုတ္ထပုံမှန်အစည်းအဝေးမှာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရရှိတဲ့အချိန်ကာလအတွင်း ယခုလို မေးခွန်း၊ အဆို၊ ဥပဒေကြမ်းများ မေးမြန်းတင်သွင်းခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်းများကြောင့် နိုင်ငံတော်နှင့် နိုင်ငံသားများရဲ့အကျိုးကို ဖြစ်ထွန်းစေခြင်းနှင့် ကာကွယ်စောင့်ရှောက်နိုင်ခြင်းဆိုတဲ့ ရလဒ်ကောင်းများ ရရှိစေခဲ့တာ ဖြစ်ပါတယ်။ အပင်ပန်းခံပြီး တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြတဲ့ ဥပဒေကြမ်းကော်မတီအပါအဝင် ကော်မတီ၊ ကော်မရှင်နဲ့ ကိုယ်စားလှယ်အားလုံးရဲ့ ကြိုးစားအားထုတ်မှုကိုလည်း မှတ်တမ်းတင် အသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ကိုယ်စားလှယ်များတင်ပြတဲ့မေးခွန်း၊ အဆိုများအပြင် ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာမဲဆန္ဒနယ်မြေ လူထုအတွက် သီးခြားတင်ပြချက်များနှင့်စပ်လျဉ်းပြီးလည်း တာဝန်ရှိတဲ့ ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့တာတွေလည်း ရှိပါတယ်။ ဒါ့အပြင် လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မတီများ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်နဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများကို တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ် ပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းကိုလည်း အသိပေးပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုကျင်းပခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ လွှတ်တော်ကော်မတီအချို့နှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်တို့ရဲ့ အဖွဲ့ဝင်များကို လိုအပ်သလို ပြောင်းလဲဖြည့်စွက်တာဝန်ပေးခြင်း၊ တာဝန်နှင့်လုပ်ပိုင်ခွင့်တို့တွင် ထပ်မံဖြည့်စွက်ခြင်း၊ ကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့် စပ်လျဉ်း၍ သတ်မှတ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ကြောင့် ကော်မတီနှင့်ကော်မရှင်များကို ခိုင်မာတောင့်တင်း စွမ်းဆောင်ရည်မြင့်မားစေပြီး လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်များဆောင်ရွက်ရာမှာ များစွာအထောက်အကူရရှိခဲ့ကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ရဲ့ အဓိကလုပ်ငန်းတာဝန်နှစ်ရပ်ကတော့ ဥပဒေပြုရေးတာဝန်နှင့် အပြန်အလှန်ထိန်းကျောင်းရေးတာဝန်တို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ကို အလေးထားတင်ပြလိုတာကတော့ ဥပဒေပြုရေးပဲ ဖြစ်ပါတယ်။ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ လေ့လာသုံးသပ်ချက်များအရ မိမိတို့ အစိုးရသစ် စတင်ထမ်းဆောင်ချိန်မှာ မြန်မာနိုင်ငံတွင် တည်ဆဲဥပဒေပေါင်းမှာ ၄၀၁ ခုရှိပြီး အစိုးရသစ်လက်ထက်တွင် လွှတ်တော်မှတစ်ဆင့် တင်ပြပြီး ပယ်ဖျက်ခဲ့တဲ့ ဥပဒေ ၅ ခု ရှိသဖြင့် ဥပဒေပေါင်း ၃၉၆ ခုသည် တည်ဆဲဥပဒေအဖြစ် ကျန်ရှိခဲ့ပါတယ်။ ပထမအကြိမ်

ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ဥပဒေ ၁၅ ခုနှင့် တတိယပုံမှန် အစည်းအဝေးကာလ ယခုအချိန်အထိ ဥပဒေ ၁၁ ခု၊ ဥပဒေပေါင်း ၂၆ ခုကို ပြင်ဆင်ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင်လက်ရှိလွှတ်တော်များအတွင်း ဆွေးနွေးလျက်ရှိသော ဥပဒေ ၁၆ ခု၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ဖြည့်စွက်ရန် အဆိုပြုထားသော ဥပဒေ ၁၄ ခု၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်နှင့် ကော်မတီများမှ ပြင်ဆင်ရန် ဆောင်ရွက်ဆဲဥပဒေ ၂၀ ခု ရှိကြောင်း သိရှိရတဲ့အတွက် ပြင်ဆင်ရန် တင်ပြထားတဲ့ ဥပဒေ ၅၀ ခု ရှိပါတယ်။ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်မှ အသစ်ပြဋ္ဌာန်းရန် အဆိုပြုဆောင်ရွက်ဆဲဥပဒေ ၇ ခု ရှိကြောင်း သိရတဲ့အတွက် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်နှင့် အသစ်ပြဋ္ဌာန်းရန် ဥပဒေ ၅၇ ခု ရှိကြောင်းတွေ့ရှိရပြီး ဥပဒေအားလုံး ဆွေးနွေးအတည်ပြုပြဋ္ဌာန်းနိုင်ရန် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။ တည်ဆဲဥပဒေများတွင် ယနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ ထည့်သွင်းတွက်ချက်ပါက တည်ဆဲဥပဒေသည် ယနေ့အထိ ၃၉၇ ခုရှိမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြုရေးတာဝန်ကို ထမ်းဆောင်ရာမှာ လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံဆောင်ရွက်ရမယ့် လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့နှင့် စပ်ဆက်သက်ဆိုင်တဲ့နယ်ပယ်၊ ကဏ္ဍအသီးသီးအတွက် ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများကို လေ့လာသုံးသပ်ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန်တို့အတွက် သက်ဆိုင်ရာပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဥပဒေတစ်ရပ်သည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ၊ မရှိ။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် မိမိတို့ နိုင်ငံက လက်ခံကျင့်သုံးနေသော Convention များ၊ treaty များနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ လေ့လာသုံးသပ်ပြီး အလေးနက်ထားဆောင်ရွက်ကြရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီနေရာမှာ လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ဥပဒေများကို ထပ်ဆင့်ထုတ်ပြန်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲများသည် မူလဥပဒေများနှင့် ညီညွတ်မှု ရှိ၊ မရှိ လေ့လာဆန်းစစ်နေရမှာဖြစ်သလို နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံသားအားလုံး လိုက်နာကျင့်သုံးရေးအတွက် အပြန်အလှန်ထိန်းကျောင်း ကူညီဆောင်ရွက်ရန် တာဝန်ရှိကြောင်းလည်း ပြောကြားလိုပါတယ်။ ဒီတိုက်တွန်းတင်ပြချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ မထားဘဲ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်

စည်းကမ်းရှိရှိ ပူးပေါင်းဆောင်ရွက်ပေးခဲ့တဲ့အတွက် လွှတ်တော်ရဲ့လုပ်ငန်းတာဝန်များကို ထိရောက်အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ယခု တတိယပုံမှန် အစည်းအဝေးမှာ နိုင်ငံတော်နှင့် နိုင်ငံသားများ အကျိုးစီးပွားအတွက် အလွန်အရေးကြီးတဲ့ အမျိုးသားစီမံကိန်းနှင့် ဘတ်ဂျက်ဥပဒေ တစ်ရပ် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဝိုင်းဝန်းသုံးသပ်အကြံပေးဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်များအားလုံးရဲ့ဆောင်ရွက်ချက်များကိုလည်း လွှတ်တော်က မှတ်တမ်းတင်အသိအမှတ်ပြုကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ လွှတ်တော်ကိုယ်စားလှယ်များဟာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တာနှင့်အညီ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့မျှော်လင့်ချက်များကို အလေးထား လေ့လာဆန်းစစ်ဝေဖန်သုံးသပ်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံတော်အကျိုး၊ ပြည်ထောင်စုအကျိုး ဦးထိပ်ပန်ဆင်ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ပူးပေါင်း ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ လွှတ်တော် ခေတ္တရပ်နားချိန်ကာလအတွင်းမှာလည်း မဲဆန္ဒနယ်အတွင်းရှိ ပြည်သူများနှင့်ထိတွေ့၍ လွှတ်တော်ရဲ့ဆောင်ရွက်ချက်များကို ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူတို့ရဲ့ အခက်အခဲလိုအပ်ချက်များကို လေ့လာမှတ်သားပြီး ဥပဒေနှင့်အညီ ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ မိမိတို့ကိုယ်စားလှယ်များဟာ နိုင်ငံတော်နှင့် ပြည်သူများအကျိုးဖော်ဆောင်နိုင်တဲ့ သစ္စာရှိသော၊ တာဝန်ကျေသော နိုင်ငံ့သားကောင်း ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရပ်တည်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် အလေးအနက်ထားနှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ရပ်နားကြောင်းနှင့် တတိယပုံမှန်အစည်းအဝေး ပြီးစီးကြောင်း ကြေညာခြင်း

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၂၃) ရက်မြောက်နေ့ အစည်းအဝေးပြီးစီးပါပြီ။ ယခု ၂၀၁၂ ခုနှစ်၊ မေလ ၂ ရက် (ဗုဒ္ဓဟူးနေ့) ၁၀း၃၅ မိနစ်တွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို အောင်မြင်စွာ ပြီးစီးကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**အချိန်၊ ၁၀ း ၃၅။**

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

[ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေး (၂၃) ရက်မြောက်နေ့ ၁၀း၃၅ နာရီတွင် ပြီးစီးပါသည်။]

# ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက လွှတ်တော်ရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြခြင်း

## (၂၃)ရက်မြောက်နေ့(၂-၅-၂၀၁၂)

**ဥက္ကဋ္ဌ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယနေ့ဟာ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးရဲ့ (၂၃) ရက်မြောက်နေ့နဲ့ နောက်ဆုံးနေ့ ကျင်းပတဲ့ရက် ဖြစ်ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးကို ၂၀၁၂ ခုနှစ်၊ ဇန်နဝါရီလ ၂၆ ရက်နေ့မှ ယနေ့ မေလ ၂ ရက်ထိ ၃ လကျော်ကာလအတွင်း ကျင်းပခဲ့တာ ဖြစ်ပါတယ်။ အစည်းအဝေး ပထမနေ့က တင်ပြထားတဲ့အတိုင်း ယခုကျင်းပပြုလုပ်ခဲ့တဲ့ တတိယပုံမှန်အစည်းအဝေးဟာ နိုင်ငံတော်ရဲ့ အမျိုးသားစီမံကိန်းနဲ့ ဘဏ္ဍာငွေအရအသုံးဆိုင်ရာ ဥပဒေကြမ်းများကို ပြည်ထောင်စုလွှတ်တော်မှာ တင်သွင်းဆွေးနွေးအတည်ပြုနိုင်ဖို့ အဓိကရည်ရွယ်ချက်ထား ဆောင်ရွက်ခဲ့တာ ဖြစ်ပါတယ်။ ဒါပေမယ့် ရနိုင်သမျှအချိန်တွေမှာ ပြည်သူ့လွှတ်တော်အစည်းအဝေးများ ကျင်းပခဲ့တဲ့အတွက် စတင်ကျင်းပတဲ့ ရက်မှ ယနေ့အထိ အစည်းအဝေး ၂၃ ကြိမ် ကျင်းပနိုင်ခဲ့ပါတယ်။ ကျင်းပခဲ့တဲ့ လွှတ်တော် အစည်းအဝေး များအတွင်း ဆောင်ရွက်နိုင်မှုများကတော့ မေးခွန်းပေါင်း ၅၁၆ ခု၊ အဆိုပေါင်း ၂၅ ခု တင်သွင်း ဆောင်ရွက်နိုင်ပါတယ်။ မေးခွန်း၊ အဆို ဆောင်ရွက်ပြီးစီးမှု အသေးစိတ်အနေနဲ့ မေးခွန်းပိုင်းမှာ စိစစ်ခွင့်ပြုတဲ့မေးခွန်း ၅၁၆ ခုရှိပြီး ကြယ်ပွင့်ပြမေးခွန်း နှုတ်ဖြင့်ဖြေတာ ၁၂၆ ခု၊ ကြယ်ပွင့်ပြမေးခွန်း စာဖြင့်ဖြေကြားဆောင်ရွက်တာ ၁၂၉ ခု၊ ကြယ်ပွင့်မပြမေးခွန်း စာဖြင့်ဖြေကြား ဆောင်ရွက်တာ ၂၅၃ ခု၊ ရုပ်သိမ်းမေးခွန်း ၈ ခုဖြစ်ပါတယ်။ အဆိုနှင့်စပ်လျဉ်းပြီး တင်သွင်းအဆိုပေါင်း ၂၅ ခုရှိပြီး အတည်ပြုအဆို ၁၆ ခု၊ မှတ်တမ်းတင်အဆို ၆ ခု၊ ပြည်ထောင်စုလွှတ်တော်သို့ ပေးပို့အဆို ၁ ခုနှင့် ရုပ်သိမ်းအဆို ၂ ခု ဖြစ်ပါတယ်။ ဥပဒေကြမ်းများ ဆွေးနွေးဆောင်ရွက်မှုနှင့်ပတ်သက်လို့ ပြည်ထောင်စု လွှတ်တော်ကိုယ်စားလှယ်များအဖြစ်ပါဝင်ကြတဲ့ ဥပဒေကြမ်း ၇ ခုကို ဥပဒေအဖြစ်အတည်ပြုပြီးနောက် သတင်းထုတ်ပြန်ပြဋ္ဌာန်းနိုင်ခဲ့ပြီး ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်သို့ စတင်တင်သွင်းတဲ့ ဥပဒေကြမ်း ၁၆ ခုအနက် ဥပဒေအဖြစ် ထုတ်ပြန်ပြီး ၃ ခု၊ ထုတ်ပြန်ရန်ကျန် ၁ ခု၊ ဆောင်ရွက်ဆဲ ၅ ခု၊ ရုပ်သိမ်း ၂ ခု၊ မှတ်တမ်းတင် ၁ ခုနဲ့ ဆောင်ရွက်ရန်ကျန် ၄ ခု ဖြစ်ပါတယ်။ အမျိုးသားလွှတ်တော်မှာ စတင်တင်သွင်း တဲ့ ဥပဒေကြမ်း ၅ ခုအနက် မိမိတို့လွှတ်တော်က ပါဝင်ဆွေးနွေးဆောင်ရွက်ပြီး ဥပဒေအဖြစ် ထုတ်ပြန် ပြီး ၁ ခု၊ ထုတ်ပြန်ရန်ကျန် ၁ ခု၊ ဆောင်ရွက်ဆဲ ၃ ခု ဖြစ်ပါတယ်။ ဒါကြောင့် စာရင်းချုပ်မယ်ဆိုရင် ထုတ်ပြန်ပြီး ၇ ခု၊ ထုတ်ပြန်ပြီး ၇ ခုဆိုသည်မှာ ဥပဒေအဖြစ် ပြဋ္ဌာန်းပြီးကို ဆိုလိုပါတယ်။ ထုတ်ပြန်ရန် ကျန် ၂ ခု၊ ဆောင်ရွက်ဆဲ ၈ ခု၊ ရုပ်သိမ်း ၂ ခု၊ မှတ်တမ်းတင် ၁ ခုနဲ့ ဆောင်ရွက်ရန်ကျန် ၄ ခု

ဖြစ်ပါတယ်။ ဆောင်ရွက်ဆဲ ၈ ခုနဲ့ ဆောင်ရွက်ရန်ကျန် ၄ ခုကို လာမည့်စတုတ္ထပုံမှန်အစည်းအဝေးမှာ ဆက်လက်ဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ရရှိတဲ့အချိန်ကာလအတွင်း ယခုလို မေးခွန်း၊ အဆို၊ ဥပဒေကြမ်းများ မေးမြန်းတင်သွင်းခြင်း၊ အတည်ပြုပြဋ္ဌာန်းခြင်းများကြောင့် နိုင်ငံတော်နှင့် နိုင်ငံသား များရဲ့အကျိုးကို ဖြစ်ထွန်းစေခြင်းနှင့် ကာကွယ်စောင့်ရှောက်နိုင်ခြင်းဆိုတဲ့ ရလဒ်ကောင်းများ ရရှိ စေခဲ့တာ ဖြစ်ပါတယ်။ အပင်ပန်းခံပြီး တက်တက်ကြွကြွ ပူးပေါင်းဆောင်ရွက်ကြတဲ့ ဥပဒေကြမ်း ကော်မတီအပါအဝင် ကော်မတီ၊ ကော်မရှင်နဲ့ ကိုယ်စားလှယ်အားလုံးရဲ့ ကြိုးစားအားထုတ်မှုကိုလည်း မှတ်တမ်းတင် အသိအမှတ်ပြုပါကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ဥက္ကဋ္ဌအနေဖြင့် ကိုယ်စားလှယ်များတင်ပြတဲ့မေးခွန်း၊ အဆိုများအပြင် ကိုယ်စားလှယ်များ၏ သက်ဆိုင်ရာမဲဆန္ဒနယ်မြေ လူထုအတွက် သီးခြားတင်ပြချက်များနှင့်စပ်လျဉ်းပြီးလည်း တာဝန်ရှိတဲ့ ပြည်ထောင်စုအစိုးရနှင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ညှိနှိုင်းဆောင်ရွက်ပေးနိုင်ခဲ့တာတွေလည်း ရှိပါတယ်။ ဒါ့အပြင် လွှတ်တော်က ဖွဲ့စည်းထားတဲ့ ကော်မတီများ၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာ ဆန်းစစ်သုံးသပ်ရေးကော်မရှင်နဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းများကို တွေ့ဆုံဆွေးနွေးခြင်းများ ပြုလုပ် ပြီး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်းကိုလည်း အသိပေးပြောကြားလိုပါတယ်။ လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ယခုကျင်းပခဲ့တဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် တတိယပုံမှန် အစည်းအဝေးမှာ လွှတ်တော်ကော်မတီအချို့နှင့် ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ် သုံးသပ်ရေးကော်မရှင်တို့ရဲ့ အဖွဲ့ဝင်များကို လိုအပ်သလို ပြောင်းလဲဖြည့်စွက်တာဝန်ပေးခြင်း၊ တာဝန် နှင့်လုပ်ပိုင်ခွင့်တို့တွင် ထပ်မံဖြည့်စွက်ခြင်း၊ ကော်မရှင်အဖွဲ့ဝင်များ၏ ရပိုင်ခွင့်၊ အခွင့်အရေးများနှင့် စပ်လျဉ်း၍ သတ်မှတ်ပေးခြင်းတို့ကိုလည်း ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒီလို ဆောင်ရွက်နိုင်ခဲ့ခြင်းတို့ ကြောင့် ကော်မတီနှင့်ကော်မရှင်များကို ခိုင်မာတောင့်တင်း စွမ်းဆောင်ရည်မြင့်မားစေပြီး လွှတ်တော်ရဲ့ လုပ်ငန်းတာဝန်များဆောင်ရွက်ရာမှာ များစွာအထောက်အကူရရှိခဲ့ကြောင်း ပြောကြားလိုပါတယ်။ လွှတ်တော်ရဲ့ အဓိကလုပ်ငန်းတာဝန်နှစ်ရပ်ကတော့ ဥပဒေပြုရေးတာဝန်နှင့် အပြန်အလှန်ထိန်းကျောင်း ရေးတာဝန်တို့ပဲ ဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ကို အလေးထားတင်ပြလိုတာကတော့ ဥပဒေပြု ရေးပဲ ဖြစ်ပါတယ်။ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ လေ့လာသုံးသပ်ချက်များအရ မိမိတို့ အစိုးရသစ် စတင်ထမ်းဆောင်ချိန်မှာ မြန်မာနိုင်ငံတွင် တည်ဆဲ ဥပဒေပေါင်းမှာ ၄၀၁ ခုရှိပြီး အစိုးရသစ်လက်ထက်တွင် လွှတ်တော်မှတစ်ဆင့် တင်ပြပြီး ပယ်ဖျက်ခဲ့တဲ့ ဥပဒေ ၅ ခု ရှိသဖြင့် ဥပဒေပေါင်း ၃၉၆ ခုသည် တည်ဆဲဥပဒေအဖြစ် ကျန်ရှိခဲ့ပါတယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေးတွင် ဥပဒေ ၁၅ ခုနှင့် တတိယပုံမှန် အစည်းအဝေးကာလ

ယခုအချိန်အထိ ဥပဒေ ၁၁ ခု၊ ဥပဒေပေါင်း ၂၆ ခုကို ပြင်ဆင်ပြဋ္ဌာန်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါတယ်။ ထို့အပြင်လက်ရှိလွှတ်တော်များအတွင်း ဆွေးနွေးလျက်ရှိသော ဥပဒေ ၁၆ ခု၊ ပြည်သူ့လွှတ်တော်မှ ပြင်ဆင်ဖြည့်စွက်ရန် အဆိုပြုထားသော ဥပဒေ ၁၄ ခု၊ သက်ဆိုင်ရာ ပြည်ထောင်စုအဆင့်နှင့် ကော်မတီများမှ ပြင်ဆင်ရန် ဆောင်ရွက်ဆဲဥပဒေ ၂၀ ခု ရှိကြောင်း သိရှိရတဲ့အတွက် ပြင်ဆင်ရန် တင်ပြထားတဲ့ ဥပဒေ ၅၀ ခု ရှိပါတယ်။ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ် ရေးကော်မရှင်မှ အသစ်ပြဋ္ဌာန်းရန် အဆိုပြုဆောင်ရွက်ဆဲဥပဒေ ၇ ခု ရှိကြောင်း သိရတဲ့အတွက် ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်နှင့် အသစ်ပြဋ္ဌာန်းရန် ဥပဒေ ၅၇ ခု ရှိကြောင်းတွေ့ရှိရပြီး ဥပဒေအားလုံး ဆွေးနွေးအတည်ပြုပြဋ္ဌာန်းနိုင်ရန် အချိန်ယူဆောင်ရွက်ရမည်ဖြစ်ကြောင်း သုံးသပ်ရရှိပါတယ်။ တည်ဆဲဥပဒေများတွင် ယနေ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိုသာ ထည့်သွင်းတွက်ချက်ပါက တည်ဆဲ ဥပဒေသည် ယနေ့အထိ ၃၉၇ ခုရှိမှာ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဥပဒေပြု ရေးတာဝန်ကို ထမ်းဆောင်ရာမှာ လွှတ်တော်နှင့် လွှတ်တော်ဥက္ကဋ္ဌကို တာဝန်ခံဆောင်ရွက်ရမယ့် လွှတ်တော်ကော်မတီများ၊ ကော်မရှင်များနဲ့ လွှတ်တော်ကိုယ်စားလှယ်များဟာ မိမိတို့နှင့် စပ်ဆက် သက်ဆိုင်တဲ့နယ်ပယ်၊ ကဏ္ဍအသီးသီးအတွက် ပြဋ္ဌာန်းထားတဲ့ တည်ဆဲဥပဒေများကို လေ့လာသုံးသပ် ပြီး ပြင်ဆင်ရန်၊ ပယ်ဖျက်ရန်၊ အသစ်ရေးဆွဲရန်တို့အတွက် သက်ဆိုင်ရာပြည်ထောင်စုအစိုးရ၊ ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ကူညီဆောင်ရွက်သွားမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဥပဒေတစ်ရပ်သည် နိုင်ငံတော်နှင့်နိုင်ငံသားများ၏ အကျိုးစီးပွားကို ကာကွယ်စောင့်ရှောက်နိုင်ခြင်း ရှိ၊ မရှိ။ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အပြည်ပြည်ဆိုင်ရာဥပဒေများနှင့် မိမိတို့ နိုင်ငံက လက်ခံကျင့်သုံးနေသော Convention များ၊ treaty များနှင့်ညီညွတ်ခြင်း ရှိ၊ မရှိ လေ့လာသုံးသပ်ပြီး အလေးနက်ထားဆောင်ရွက်ကြရမှာဖြစ်ကြောင်း တင်ပြလိုပါတယ်။ ဒီနေရာမှာ လွှတ်တော်က ပြဋ္ဌာန်းပေးလိုက်တဲ့ဥပဒေများကို ထပ်ဆင့်ထုတ်ပြန်တဲ့ နည်းဥပဒေ၊ စည်းမျဉ်းဥပဒေ၊ အမိန့်၊ ညွှန်ကြားချက်၊ ကြော်ငြာစာ၊ လုပ်ထုံးလုပ်နည်း၊ လက်စွဲများသည် မူလဥပဒေများနှင့် ညီညွတ်မှု ရှိ၊ မရှိ လေ့လာဆန်းစစ်နေရမှာဖြစ်သလို နိုင်ငံတော်အတွင်းရှိ အဖွဲ့အစည်းအသီးသီးနှင့် နိုင်ငံသား အားလုံး လိုက်နာကျင့်သုံးရေးအတွက် အပြန်အလှန်ထိန်းကျောင်း ကူညီဆောင်ရွက်ရန် တာဝန်ရှိ ကြောင်းလည်း ပြောကြားလိုပါတယ်။ ဒီတိုက်တွန်းတင်ပြချက်များအပေါ် လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲ၊ ဘာသာစွဲ မထားဘဲ စည်းစည်းလုံးလုံးညီညီညွတ်ညွတ် စည်းကမ်းရှိရှိ ပူးပေါင်းဆောင်ရွက်ပေးခဲ့တဲ့အတွက် လွှတ်တော်ရဲ့လုပ်ငန်းတာဝန်များကို ထိရောက် အောင်မြင်စွာ ဆောင်ရွက်နိုင်ခဲ့ပါတယ်။ ဒါ့အပြင် ယခု တတိယပုံမှန် အစည်းအဝေးမှာ နိုင်ငံတော်နှင့်

နိုင်ငံသားများ အကျိုးစီးပွားအတွက် အလွန်အရေးကြီးတဲ့ အမျိုးသားစီမံကိန်းနှင့် ဘတ်ဂျက်ဥပဒေ တစ်ရပ် အတည်ပြုပြဋ္ဌာန်းနိုင်ရေး ဝိုင်းဝန်းသုံးသပ်အကြံပေးဆွေးနွေးခဲ့ကြတဲ့ ကိုယ်စားလှယ်များ အားလုံးရဲ့ဆောင်ရွက်ချက်များကိုလည်း လွှတ်တော်က မှတ်တမ်းတင်အသိအမှတ်ပြုကြောင်း ပြောကြား လိုပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ နိဂုံးချုပ်အနေနဲ့ တင်ပြလိုတာကတော့ လွှတ်တော် ကိုယ်စားလှယ်များဟာ ပြည်သူ့ကိုယ်စားလှယ်များဖြစ်တာနှင့်အညီ ပြည်သူ့အသံ၊ ပြည်သူ့ဆန္ဒ၊ ပြည်သူ့ မျှော်လင့်ချက်များကို အလေးထား လေ့လာဆန်းစစ်ဝေဖန်သုံးသပ်ပြီး ပြည်သူ့အကျိုး၊ နိုင်ငံတော် အကျိုး၊ ပြည်ထောင်စုအကျိုး ဦးထိပ်ပန်ဆင်ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ဖွဲ့စည်းပုံအခြေခံဥပဒေအပါအဝင် တည်ဆဲဥပဒေများကို လေးစားလိုက်နာပြီး ဥပဒေနှင့်အညီ စည်းစည်းလုံးလုံးညီညီညွတ်ညွတ်ပူးပေါင်း ဆောင်ရွက်ကြမှာ ဖြစ်ပါတယ်။ လွှတ်တော် ခေတ္တရပ်နားချိန် ကာလအတွင်းမှာလည်း မဲဆန္ဒနယ်အတွင်းရှိ ပြည်သူများနှင့်ထိတွေ့၍ လွှတ်တော်ရဲ့ဆောင်ရွက်ချက် များကို ရှင်းလင်းဆွေးနွေးခြင်းနှင့် ပြည်သူတို့ရဲ့ အခက်အခဲလိုအပ်ချက်များကို လေ့လာမှတ်သားပြီး ဥပဒေနှင့်အညီ ဖြည့်ဆည်းပေးနိုင်ရေးဆောင်ရွက်ကြရမှာ ဖြစ်ပါတယ်။ မိမိတို့ကိုယ်စားလှယ်များဟာ နိုင်ငံတော်နှင့် ပြည်သူများအကျိုးဖော်ဆောင်နိုင်တဲ့ သစ္စာရှိသော၊ တာဝန်ကျေသော နိုင်ငံ့သားကောင်း ပြည်သူ့ကိုယ်စားလှယ်များအဖြစ် ရပ်တည်ကြိုးပမ်းဆောင်ရွက်သွားကြပါရန် အလေးအနက်ထား နှိုးဆော်တိုက်တွန်းရင်း နိဂုံးချုပ်ပါတယ်။ (သြဘာသံများ)